# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)(၂၁. ၃. ၂၀၁၇) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးပါရန်ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။

ယနေ့ကျင်းပသည့်ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ် တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း။**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးများကို (၁၈-၃-၂၀၁၇)ရက်နေ့၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ ပြုရေးဆိုင်ရာကော်မတီဝင်များ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ တာဝန်ရှိသူများ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ် ခင်ဗျား။

**လေ့လာတွေ့ ရှိချက်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့(၄-၁၂-၂၀၁၅)ရက်နေ့၌ ဥပဒေအမှတ်(၅/၂၀၁၅)ဖြင့် အတည်ပြု၍ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဥပဒေအရ ခေတ်နှင့် လျော်ညီစွာ အခွန်ကောက်ခံနိုင်ရေး အတွက် ရှမ်းပြည်နယ်ယစ်မျိုး ခွန်ကောက်ခံရေးဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (၅-၁-၂၀၁၇)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။ ဤ ဥပဒေမှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ကိုးကား၍ ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကို ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။

ယစ်မျိုးခွန်ကောက်ခံရေးတွင်အရက်သေစာ သောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊ သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှု မရှိစေရန်၊ မူးယစ်စေသော သေရည်သေရက် ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲ သောက်စားသုံးစွဲခြင်းလျော့နည်းစေရန် သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံ သည်ဟု စွဲမြဲမှတ်ယူစေရန်၊ ပြည်နယ်ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီရရှိစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေး တင်ပြခြင်းဖြစ်သည်ကို လေ့လာတွေ့ ရှိရပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၄)ခန်း၊ ပုဒ်မပေါင်း (၁၃)ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ် တွေ့ ရှိချက် အရ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း) ခေါင်းစဉ် ခုနှစ် ပြင်ဆင်ရန်၊ ပုဒ်မ ၁(ခ)၊ ပုဒ်မ၂(င)၊ ပုဒ်မ ၁၃၊ ပြင်ဆင်သတ်မှတ်ထားသည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားတို့အား ပြင်ဆင်ဖြည့်စွက် သင့်ပါကြောင်း ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် အားလုံးက သဘောတူညီ ဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

အမှတ်စဉ်(၁) အခန်း(၁)ပုဒ်မ ၁ ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်မှာ ဤဥပဒေကို ထုတ်ပြန် ကြေညာသည့် နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်အစား ဤဥပဒေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံး တွင် အာဏာတည်စေရမည်ဟု ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြု တင်ပြပါတယ်။ အဆိုပြုတင်ပြထားသည့်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၁)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** အခန်း (၁) ပုဒ်မ ၁(ခ)အရ တိကျစေရန်အတွက် ထည့်သွင်းဖော်ပြခြင်းဖြစ်သဖြင့် သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ၎င်းပြင်ဆင်ချက်ကိုသဘောတူပါသလား။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ဟုတ်ကဲ့။ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်အဆိုကို ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် (၂)၊ အခန်း (၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)ဖြစ်ပါတယ်။ ဥပဒေ ကြမ်း၏ မူလပြဋ္ဌာန်းချက်မှာ ယစ်မျိုးခွန်ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်များကို ဆိုသည်ဆိုသည့်အစား ယစ်မျိုးခွန်ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသည့် ချက်လုပ်မှု၊ လက်ရှိထားမှု၊ ရောင်းချမှုများ နှင့် သက်ဆိုင်သော လိုင်စင်များအပေါ်တွင် ကောက်ခံသောအခွန်များကိုဆိုသည်ဟု ဥပဒေပြုရေး ဆိုင်ရာကော်မတီက အဆိုပြုတင်ပြထားပါတယ်။ အဆိုပြု တင်ပြထားသည့်အတိုင်း ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂) ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** အခန်း (၁) ပုဒ်မ ၂(င)အရ ယစ်မျိုးခွန်အဓိပ္ပါယ်ကို ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ပြည့်စုံအောင် ဖော်ပြထားခြင်းဖြစ်သဖြင့် ဖြည့်စွက်ချက်အပေါ် သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်အဆိုကို ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ်(၂)၊အခန်း(၄)၊ ပုဒ်မ ၁၃ ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလ ပြဋ္ဌာန်းချက်မှာ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၅/၂၀၁၅)ဖြင့် ပြဋ္ဌာန်းသော ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေအား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုသည့်အစား ပယ်ဖျက်ရန်ဆိုသည်ကို ဖြည့်စွက်ပေးပါရန် ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြုတင်ပြအပ်ပါတယ်။ အဆိုပြုထားသည့် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** အခန်း (၄) ပုဒ်မ ၁၃ အရ အထူးရှင်းလင်းဆွေးနွေးရန် မရှိပါဘူး။ ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)**။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ်(၄)ပြင်ဆင်သတ်မှတ်ထားသော ယစ်မျိုးလိုင်စင်နှုန်းထားများ ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်မှာ FL-6 ၊ မန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်းလက်ကားရောင်းချခွင့်လိုင်စင်ကျပ်သိန်း ၂၀၊ ပြဋ္ဌာန်း ချက်အား FL-6 ၊ မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း လက်ကားရောင်းချခွင့်

လိုင်စင် ၁၈ သိန်း၊ FL-8 ၊ မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် ကျပ်သိန်း ၂၀ အစား FL-8 ၊ မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာ များကို လက်ကားရောင်းချခွင့် လိုင်စင် ၁၈ သိန်းဟု ပြင်ဆင် ဖြည့်စွက်ပေးပါရန် ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြု တင်ပြထားပါတယ်။ အဆိုပြု တင်ပြထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ပြင်ဆင်သတ်မှတ်သည့် လိုင်စင်နှုန်းထားများနှင့်ပတ်သက်ပြီး FL-6 နှင့် FL-8 ယစ်မျိုးလိုင်စင်များ၏အခွန်နှုန်းထားများအား မူလအဆိုပြုချက် သိန်း ၂၀ မှာ ၁၈ သိန်း လျှော့ထားသင့်ကြောင်း သုံးသပ်ချက်အပေါ် ပြည်နယ်မှ ရသင့်ရထိုက်သောအခွန်ငွေရရှိစေရန်နှင့် လုပ်ငန်းလုပ်ကိုင်မှုများအဆင်ပြေစေရန် ညှိနှိုင်းလျှော့ထားစီမံပေးခြင်းဖြစ်သဖြင့် သင့်လျော်ပါတယ်။ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်အဆိုကို ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ ကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ (၅-၁-၂၀၁၇)ရက်နေ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များအပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန မှ ဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)အား ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဋ္ဌမပုံမှန်အစည်းအဝေးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။

ယခုပြင်ဆင်သတ်မှတ်မည့် ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)တွင် အခန်း (၄)ခန်း၊ပုဒ်မ(၁၃)ခု၊ နောက်ဆက်တွဲဇယား(၂)ခုတို့ဖြင့်အောက်ပါအတိုင်းရေးဆွဲထားပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။(က) နိဒါန်း၊ (ခ) အခန်း (၁) အမည်စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်၊ (ဂ) အခန်း (၂) ရည်ရွယ်ချက်များ၊ (ဃ) အခန်း (၃) ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း၊ (င) အခန်း (၄) အထွေထွေ၊ (စ) ယစ်မျိုးခွန်နှုန်းထားများကောက်ခံရန် နယ်မြေသတ်မှတ်ချက်၊ (ဆ) ပြင်ဆင်သတ်မှတ်ထားသည့် ယစ်မျိုးခွန်နှုန်းထားများဖြစ်ပါတယ်။

တင်သွင်းသည့်ဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂(က)အရ ဖွဲ့စည်းထားသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်ပြီး နည်းဥပဒေပုဒ်မ၆၆ အရ ကော်မတီ၏ အစီရင်ခံစာကိုလည်း တင်သွင်းပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော အခွန် ဘဏ္ဍာငွေကို ဥပဒေနှင့်အညီရရှိစေရန် အတွက် ယခုတင်သွင်းသည့် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်းအားလွှတ်တော်ကိုယ်စားလှယ်များမှအတည်ပြုရန် သဘောတူပါသလား ခင်ဗျား။ (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။) လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၎င်းဥပဒေကို အတည်ပြုကြောင်းကြေညာပါတယ်။